## အာဖရိကမှ အစ္စလာမ်

အစ္စလာမ် သာသနာ၏ အစောဆုံး ခေတ်ကာလကပင် အစ္စလာမ်သာသနာသည် အာဖရိကသို့ ရောက်ရှိခဲ့ပေသည်။ အစ္စလာမ် ပထမဆုံး နိဗ္ဗာန်ဆော်ကြီး ဖြစ်သည့် ဘီလာလ် ဟာ့ဘ်ရှီသည် မြောက်အာဖရိက မျိုးနွယ်မှ ဖြစ်ပေသည်။ အာဖရိကတွင် အစ္စလာမ်တို့ ပထမဆုံးရောက်ရှိသော တိုင်းပြည်မှာ အဘီဆီးနီးယား (ယခုခေတ်တွင် အီသီယိုပီးယား သို့မဟုတ် အီရီတေးရီး ယား) ဖြစ်ပေသည်။

(ယခုအခါ အာဖရိက တစ်တိုက်လုံး၏ ၄၅ ရာနှုန်းမှာ အစ္စလာမ်၊ ၄၃ ရာနှုန်းမှာ ခရစ်ယာန်နှင့် ကျန်သော ရာနှုန်းမှာ ဒေသခံ ရိုးရာ ဘာသာများ ဖြစ်သည်။)

## မဂ္ဂဟာ့ဘ် (ကိုယ်ပိုင်နယ်များ) မှ အစ္စလာမ်

အာဖရိကတိုက်ရှိ ဤနယ်များမှ အစ္စလာမ်အုပ်ချုပ်ရေးသည် အစ္စလာမ်သမိုင်း၏ အများဆုံး ခေတ်ကာလများတွင် သီးခြား လွတ်လပ်သော ဒေသများဖြစ်၍၊ အရေးပါသော အမိုင်း မှတ်တမ်းများအနက်တွင် စာရင်းဝင်ခဲ့ပေသည်။

အနောက်ဘက် ကိုယ်ပိုင်လွတ်လပ်သော နယ်များ (မော်ရိုကို)မှ  ပထမဆုံး အာရဗ် မင်းဆက်မှာ အီဒရစ် မင်းဆက်ဖြစ်၍၊ အေဒီ ၇၈၈ မှ ၉၈၅ အထိ ဖြစ်ခဲ့ပေသည်။ ပထမဆုံး ကိုယ်ပိုင် အုပ်ချုပ်ရေးမှူးမှာ အီဒရစ် (၁) ဖြစ်ပေသည်။

ဆာဟာရမှ ဘာဘာမင်းဆက်၏ နန်းဆက်ဖြစ်သော အာလ်မိုရာဗစ်ဒ် မင်းဆက်မှာ အေဒီ ၁၁ ရာစုတွင် အာဖရိက အနောက် ပိုင်းနှင့် အဘာရီယာန် ကျွန်းဆွယ်ဒေသ (စပိန်) အထိ ဖြန့်ကျက်ခဲ့ပေသည်။ ထိုမင်းဆက်များ လက်အောက်တွင် ယခုခေတ် မော်ရိုကို၊ အနောက်ပိုင်း ဆာဟာရ၊ မူရေတေနီယား၊ ဂျီဘရော်တာ၊ အလ်ဂျီးရီယားမှ တလီမင့်စ်၊ တောင်ပိုင်းတွင် ယခုခေတ် ဆီနီးဂေါနှင့် မာလီတို့၏ များစွာသော အစိတ်အပိုင်းများ၊ မြောက်ပိုင်းတွင် စပိန်နှင့် ပေါ်တူဂီ တို့အထိ ဖြန့်ကျက်ခဲ့ပေသည်။

ဘာဘာ မူဆလင်များ ဖြစ်သည့်  ယူနီတာရီယာန် သို့မဟုတ် အလ်မိုဟာ့ဒ် မင်းဆက်သည် အေဒီ ၁၂ ရာစုတွင် မူးရစ် မင်းဆက်ကို ထူထောင်၍၊ မြောက်ပိုင်း အာဖရိက တစ်ခုလုံးကို အီဂျစ်အထိ သိမ်းသွင်း၍ အလ်အင်ဒူးယာ့စ် (စပိန်) နှင့် စုပေါင်း အုပ်ချုပ်ခဲ့ပေသည်။

## အရှေ့အာဖရိကမှ အစ္စလာမ်

အရှေ့အာဖရိကသို့ အစ္စလာမ်သာသနာ ရောက်ရှိလာခြင်းမှာ အစ္စလာမ်သာသနာ စတင်ပေါ်ထွန်းချိန် အေဒီ ၆၁၅ ခုမှ စတင်ခဲ့ပေသည်။ ထိုစဉ်က မက္ကာဟ်တွင် ညှဉ်းပန်းနှိပ်ခံရသောကြောင့် လွတ်မြောက်ရာသို့ ပြောင်းရွှေ့လာခဲ့ရသော အစ္စလာမ် သာသနာဝင်များသည်  ယခုခေတ် အီသီယိုပီးယားဟု ခေါ်တွင်သော အဘီးဆီးနီးယားသို့ ခိုလှုံခဲ့ရပေသည်။ ထိုစဉ်က ဘာသာ တရား၌ ကိုင်းရှိုင်းသော အဘီးဆီးနီးယားဘုရင် ခရစ်ယာန်မင်း နီဂါ့စ်က ထိုဒုက္ခသည်များကို လက်ခံခဲ့ပေသည်။ ထို့အပြင် ကိုယ်တော် မုဟမ္မဒ် ကြေငြာသော အစ္စလာမ်သာသနာ၏ ပထမဦးဆုံး နိဗ္ဗာန်ဆော်ကြီး ဘီလာလ် မှာလည်း အဘီဆီးနီးယား မျိုးနွယ်မှ ဖြစ်ခဲ့ပေသည်။ အစ္စလာမ် သာသနာသည် အာရဗ်တွင် ကျေးကျွန်ဖြစ်နေရသော အာဖရိက လူမည်းများကို ကျေး ကျွန် ဘဝမှ ကယ်တင်ခဲ့ခြင်း၊ အသားရောင် ခွဲခြားမှု မရှိခြင်းတို့ကြောင့် အာဖရိကမင်းများနှင့် အစ္စလာမ်၏ ကြားတွင် ပဋိပက္ခ မရှိခဲ့ချေ။

တန်ဇန်းနီးယားတွင် အစ္စလာမ် အစိုးရများ ရှိခဲ့ပေ၍၊ ဇေ့ဒ်လူမျိုးများသည် အရှေ့အာဖရိကသို့ ပထမဆုံး ရွှေ့ပြောင်း နေထိုင်လာသော လူမျိုးဟု ပြောဆိုခံရပေသည်။ အရှေ့အာဖရိကသို့ အစ္စလာမ် သာသနာ ရောက်ရှိလာသော အဓိက အကြောင်း ရင်းမှာ ကုန်သွယ်လမ်းကြောင့်ပင် ဖြစ်၍၊ အာဖရိက လူမျိုးများသည် ထိုလမ်းကြောင်းတလျှောက်တွင် ကာလကြာမြင့်စွာ နေထိုင်ခဲ့ကာ အာရဗ်ကုန်သည်များနှင့် နီးစပ်စွာ ဆက်ဆံရေး ရှိခဲ့သည်မှ အစ္စလာမ် သာသနာသို့ ကူးပြောင်းခံယူခြင်းများ

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ဖြစ်ပေသည်။ အထူးသဖြင့် တာဘိုရာ ဒေသကဲ့သို့ အရေးပါသော နေရာဒေသများတွင် အစ္စလာမ်သာသနာအား စတင် လက်ခံလာခဲ့ပေသည်။ ထိုမှတဆင့် မူဆလင်တို့၏ လူနေမှုဓလေ့များကို အာရပ် မူဆလင်များ၏ တိုက်တွန်းမှုကြောင့် ဖြစ်စေ၊ တိုက်တွန်းမှု မရှိဘဲဖြစ်စေ နည်းအမျိုးမျိုးဖြင့် အာဖရိက လူမျိုးများက လက်ခံကျင့်သုံး နမူနာယူလာခဲ့ပေသည်။ အာဖရိက၏ အစ္စလာမ် အင်ပါယာ မတိုင်မီက ခေတ်ကာလများက အရှေ့အာဖရိက၏ အစ္စလာမ် ရေးရာများကို အိုလမာ (ဆွာဟီလီ စကားဖြင့် **ဝနော်ယူအိုနိုစ်**) များက ကိုင်တွယ်ခဲ့၍ သူတို့၏ ပင်မအခြေခံဒေသမှာ ဇန်ဘီယာတွင် ရှိခဲ့ပေသည်။ အစ္စလာမ် အင်ပါယာ၏ နယ်မြေစည်းခြားကို မတိုးချဲ့မီ ထိုအချိန်ကာလများတွင် အိုလမာခေါင်းဆောင်များမှာ အရှေ့အာဖရိကမှ မူဆလင် အများစု အပေါ်တွင် အာဏာရှိနေခဲ့ပေသည်။ ထို့ကြောင့် ဇန်ဘီယာ မူဆလင် ဘုရင်ခံများ၏ ဩဇာမှာ ထိုဒေသရှိ မူဆလင် အများစုအပေါ်သို့ လွှမ်းမိုးခဲ့ပေသည်။ အရှေ့အာဖရိက၏ နောက်ဆုံး မူဆလင် ဘာသာရေး အာဏာပိုင်မှာ ကာဒီ ဖြစ်ပေ သည်။

## အနောက် အာဖရိကမှ အစ္စလာမ်သာသနာ

ဖူလာနီ စစ်ပွဲအပြီးတွင် **အွတ်ဆမန် ဒင် ဖွဒ်ဒီယို** သည် အာဖရိကတွင် အကြီးဆုံး နိုင်ငံကြီးဖြစ်သည့် ဖူလာနီ အင်ပါယာကို ထူထောင်ခဲ့၍၊ သူသည် အစ္စလာမ် ဥပဒေကို အခြေခံသော ခိုင်မာတောင့်တင်းသည့် အစိုးရကို ဖွဲ့စည်းထူထောင်ခဲ့ပေသည်။ စစ်ပွဲ၏ အစပိုင်းတွင်ပင် အရှုံယ် ရောက်နေပြီဖြစ်သော **ဒင်ဖွဒ်ဒီယို** သည် သူထူထောင်သော **ဆိုကိုတို** မူဆလင်မင်းဆက်ကို ၁၈၁၅ ခုနှစ်တွင် သူ၏သား **မူဟာမ္မဒ် ဘီလို** အား လွှဲအပ်ပေးခဲ့ပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com